**ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်**

**Yangon Protestant Reformed Church**

**တနင်္ဂနွေစာစောင်**

**နေ့စွဲ - ၂၈. ၂. ၁၀**

## ဘုရားသခင်၏ပဋိညာဉ်အားစောင့်ရှောက်ခြင်းနှင့်စည်းကမ်းထိန်းသိမ်းခြင်း

(Keeping God's Covenant and the Exercise of Discipline, Prof. David J. Engelsma)

(ယှဉ်ပတ်မှအဆက်)

**ကျမ်းစာဖတ်ခြင်း - ဟေဗြဲ ၁၂း၁-၁၇**

**ကလေးများသည်လည်းအပြစ်သားများဖြစ်ခြင်း**

ကလေးတွေကို စည်းကမ်းထိန်းသိမ်းပေးရတဲ့အဓိကအကြောင်းကတော့ သူတို့ရဲ့အပြစ်သားဖြစ်မှုကြောင့်ပါဘဲ။ ဘုရားသခင်က ကျွန်တော်တို့ကို အပြစ်ပေးဆုံးမရတဲ့ မရှိမဖြစ်အကြောင်းအရင်းကတော့ ကျွန်တော်တို့ရဲ့ အပြစ်များခြင်း ပါဘဲ။ အဲဒီအပြစ်အတွက် ဘုရားသခင်က ကျွန်တော်တို့ကို ဆုံးမတဲ့ အခါ၊ ကျွန်တော်တို့ဟာ အပြစ်ကို ကြီးမားစွာ တုန့်ပြန်တိုက်လှန်ကြပါတယ်။ ဒီလိုဘဲ ကျွန်တော်တို့ ကလေးတွေကို ဆုံးမကြပါတယ်။ ဒါကြောင့် ဒါဟာ မရှိမဖြစ်လိုအပ်ချက်ဖြစ်တယ်။ ကျွန်တော်တို့ကလေးတွေဟာ ပဋိညာဉ်ကလေးတွေဖြစ်ပေမဲ့ အပြစ်ဇာတိသဘာဝကို ရရှိနေကြပါတယ်။ အဲဒီသဘာဝဟာ သူတို့ရဲ့မဟုတ်မဟပ်ပြောဆိုမှု ပြုမူမှုတွေမှာ ပေါ်လာနေပါတယ်။ အဲဒီမဟုတ်မဟတ်တွေကို မိဘတွေရဲ့ ဆုံးမခြင်း၊ စည်းကမ်းကြပ်မတ်ခြင်းတို့က ကျော်လွှားစေနိုင်ပါတယ်။

ကလေးတွေမှာလဲ အပြစ်ဇာတိတွေရှိနေတဲ့အတွက် ဆုံးမသွန်သင်ခြင်းဟာ မရှိမဖြစ်လိုအပ်ချက်ဖြစ်ပါတယ်။ ဒ့ါကြောင့် ကျမ်းစာက ခေတ်သစ်ပညာသင်ကြားခြင်းအတွေးအခေါ်ကို ရှုံ့ချပါတယ်။ အဲဒီအတွေးအခေါ်ကတော့၊ ယေဘုယျအားဖြင့် ကလေးတွေဟာ ကောင်းကြပါတယ်၊ အနဲဆုံးတော့ လုံးလုံးလျှားလျှားအပြစ်ထဲမှ ပျက်ဆီးမနေပါဘူးလို့ ထင်နေခြင်းဘဲဖြစ်တယ်။ ဒ့ါကြောင့် ခေတ်သစ်ပညာသင်ခြင်း အယူအဆက မူလအပြစ်ကိုလဲ လက်မခံပါဘူး။ ခရစ်ယာန်မိဘတွေကလည်း သူတို့ကလေးတွေထံ အပြစ်ဇာတိသဘာဝကို ကူးစက်စေပါတယ်။ အဲဒီတခုတည်းကိုဘဲ ခရစ်ယာန်မိဘတွေဟာ သူတို့သားသမီးတွေကို မွေးကထဲက ပေးနိုင်ကြပါတယ်။ ဘုရားသခင်က ကျွန်တော်တို့ရဲ့ရွေးကောက်ခံရတဲ့ကလေးတွေကို ခရစ်တော်ရဲ့အသစ်သောအသက်တာ ပေးမယ်လို့ကတိပေးတဲ့အခါ၊ ကျေးဇူးတော် သက်သက်ကြောင့်ပေးတာဖြစ်တယ်။ ဘုရားသခင်ရဲ့လုပ်ပေးမှု၊ သူ့ရဲ့လက်ဆောင်၊ သူ့ရဲ့သဘာဝလွန် ကျေးဇူးတော်တန်ခိုးနဲ့ လုပ်ပေးတာဖြစ်တယ်။ ဒါပေမဲ့ အဲဒီလို ဘုရားသခင်က ကလေးတွေကို ပြောင်းလဲစေပြီးတော့မှလဲ၊ သူတို့အသက်ရှင်နေသ၍တော့၊ ပျက်ဆီးနေသောသဘာဝကို အာဒံထံကနေ ဆက်ပြီး လက်ခံရရှိကြပါတယ်။ မယုံကြည်သူကမ္ဘာကြီးက အပြစ်ထဲမှာလူသား လုံးလုံးလျှားလျှားပျက်ဆီးနေခြင်းသြဝါဒ၊ မူလအပြစ်သြဝါဒတွေကို မသိကြပါဘူး။ ဒ့ါကြောင့် ကလေးတွေဟာ ကောင်းတယ်လို့ ထင်နေကြတာဖြစ်တယ်။

ထူးထူးဆန်းဆန်းဘဲ၊ ယုံကြည်သူမိဘတွေဟာ အဲဒီအမှားကိုအတော်သဘောကျကြပါတယ်။ကျွန်တော်တို့ရဲ့ သားသမီးတွေဟာ လူကောင်းလေးတွေပါလို့ ထင်နေကြပါတယ်။ ဒါမှမဟုတ်ရင်လဲ အဆိုးကြီးတော့ မဟုတ်ကြပါဘူးလို့ ထင်ကြပါတယ်။ လူဟာအပြစ်ထဲမှလုံးလုံးကျဆုံးနေကြောင်း ယုံကြည်လက်ခံကြပါတယ်။ အဲဒီထဲမှာ ကလေးတွေလဲပါတယ်လို့ ယေဘုယျအားဖြင့် ယူဆကြပါတယ်။ အိမ်ဘေးကလူတွေရဲ့ကလေးတွေပေ့ါလို့ဘဲ ပြောကြပါတယ်။ ဒါပေမဲ့ ကိုယ့်ကလေးတွေကိုတော့ အဲဒီလို မထင်နိုင်ကြပါဘူး။ ကိုယ့်ကလေးတွေကြတော့ အမြဲကောင်းတယ်။ အမြဲမှန်တယ်၊ ဘယ်တော့မှအမှားမလုပ်ဘူးလို့ ထင်ကြပါတယ်။ ကလေးတွေ တခုခုအမှားလုပ်မိပြီဆိုတာနဲ့ ကိုယ့်ကလေးဖက်ကပါတော့တာဘဲ။ သူတို့နဲ့ ပြဿနာဖြစ်သူတွေကို တိုက်ပွဲဝင်တော့တာဘဲ။ အဲဒါဟာ အတော်မိုက်မဲတဲ့အပြုအမူဖြစ်တယ်။ ဟေဗြဲ ၁၂ ကပြောတဲ့အမှန်တရားနဲ့တော့ ပြောင်းပြန်ဖြစ်ပါတယ်။ တခါတုန်းက စစ်သူကြီးအိုလီဗာကရွှန်းဝဲက အငြင်းသန်လှတဲ့ ပြူရီတန်ဝန်ကြီးတွေကိုပြောသလိုပေ့ါ၊ “ခင်ဗျားတို့ကို ခရစ်တော်ရဲ့ဂရုဏာအားဖြင့်

မေတ္တာရပ်ခံပါရစေ၊ ခင်ဗျားတို့ဟာ မှားနိုင်ခြေရှိတယ်လို့ တွေးကြည့်ကြပါဗျာ”လို့ ပြောခဲ့ပါတယ်။ အဲဒီလိုဘဲ မိဘတွေလဲ ကိုယ့်ကလေးတွေ မှားနိုင်တယ်ဆိုတာဖြစ်နိုင်ကြောင်း တွေမိကြရပါမယ်။

**တာဝန်ဖြစ်ခြင်း**

စည်းကမ်းကြပ်မတ်ခြင်းဟာ မရှိမဖြစ် ဖြစ်ပါတယ်။ ဒီတော့ မေးခွန်းမေးရအောင်၊ စည်းကမ်းကြပ်မတ်ခြင်းအတွက် ဘယ်သူ့တာဝန်ရှိသလဲ? ဟေဗြဲ ၁၂အရတော့ မိဘတွေဖြစ်တယ်။ အထူးသဖြင့် ဖခင်ဖြစ်တယ်။ ဘုရားသခင်က သူ့သားသမီးတွေကို ဆုံးမတဲ့အခါမှာ ဖခင်စိတ်ထားနဲ့ ဆုံးမတာဖြစ်ပါတယ်။ စည်းကမ်းထိန်းသိမ်းခြင်းဟာ မိဘတွေရဲ့ တာဝန်ဝတ္တရားဖြစ်ပါတယ်။ ကလေးတွေကို ဗတ္တိဇံပေးတဲ့အခါမှာ မိဘတွေက ကလေးတွေကို ဆုံးမသွန်သင်ပါမယ်လို့ ဘုရားရှေ့မှာကတိပေးကြပြီးမှ ပေးတာဖြစ်ပါတယ်။ ကလေးတွေကို ဗတ္တိဇံပေးတဲ့အခါမှာ သူတို့ကို ဘုရားသခင်ကိုကြောက်ရွံ့ရိုသေခြင်းထဲမှ ပြုစုပျိုးထောင်ကြပါမယ်၊ အသင်းတော်ရဲ့ဩဝါဒတွေကို သွန်သင်ပါမယ်လို့ မိဘတွေက ကတိပေးကြပါတယ်။ ဒါ့ကြောင့် ကလေးတွေကို အသင်းတော်ရဲ့စနေနေ့သင်တန်းကို ပို့ဖို့၊ အိမ်မှာဆုံးမသွန်သင်ဖို့ဟာ မိဘတွေရဲ့တာဝန်ဘဲဖြစ်ပါတယ်။

ဒါက ဘာကိုဆက်ပြောနေသလဲဆိုရင်၊ မိဘတွေဟာ ကလေးတွေအပေါ်မှာ ဩဇာသက်ရောက်စေရမယ်လို့ ပြောနေတာဖြစ်တယ်။ မိဘတွေဟာ ကလေးတွေကို နာကျင်အောင် ဆုံးမခွင့်ရှိတယ်။ ပိုပြီးအရေးကြီးတာကတော့၊ မိဘတွေဟာ ကလေးတွေ ဘယ်လိုအသက်ရှင်ရမလဲဆိုတာကို ပြောပိုင်ခွင့်ရှိပါတယ်။ အဲဒါကြောင့်ဘဲ ဆုံးမရတာဖြစ်တယ်။ ဆုံးမရခြင်းဟာ ကလေးတွေ ဘယ်လိုအသက်ရှင်ရမလဲဆိုတာ လမ်းညွှန်ဖို့ ဆုံးမတာဖြစ်တယ်။ ကလေးကိုဆုံးမတဲ့အခါ၊ ရိုက်တဲ့အခါ၊ “မင်းဒီလိုအသက်မရှင်ရဘူး၊ အဲဒီလိုအသက်ရှင်ရမယ်”လို့ ဩဇာရှိစွာပြောပြီးဆုံးမတာဖြစ်တယ်။ မိဘတွေကို ဘုရားသခင်က အဲဒီဩဇာကို ပေးထားပါတယ်။ အထူးသဖြင့် ဖခင်ဟာ ဘုရားပေးတဲ့အာဏာရှိပါတယ်။ အဲဒါကို ဟေဗြဲ ၁၂က ပြောနေတာဖြစ်တယ်။ ခရစ်ယာန်မိသားစုမှာ ဩဇာရှိသူဟာ ဖခင်ဘဲဖြစ်တယ်။ မည်ကာမတ္တအဖေမဟုတ်ဘူး။ တကယ့်အဖေ၊ ခွန်အားနဲ့ မိသားစုကို ထိန်းကျောင်းတဲ့အဖေ၊ အိမ်ထောင်စုကို ဦးခေါင်းအနေနဲ့အကောင်းဆုံး ဦးဆောင်တဲ့အဖေ၊ ကိုယ့်ဩဇာအာဏာကို ပညာရှိစွာ၊ မှန်ကန်စွာ၊ ဘုရားသခင်ကိုချစ်စွာနဲ့ တကယ့်ကို ကျင့်သုံးတဲ့အဖေ ဖြစ်ပါတယ်။

ဖခင်တွေကို ကျမ်းစာက အဓိကထားဖေါ်ပြပါတယ်၊ ဘာကြောင့်လဲဆိုတော့ ကလေးတွေ ဘယ်လိုအသက်ရှင်မှုနဲ့ နေထိုင်ရမယ်ဆိုတာကို ဆုံးမသွန်သင်လမ်းပြဖို့ မိဘတွေမှာ အာဏာရှိတယ်ဆိုတာ သိစေချင်လို့ဖြစ်တယ်။ ဖခင်တွေကို ကျမ်းစာကဖေါ်ပြနေတာကတော့ ကလေးတွေကို ဆုံးမသွန်သင်ဖို့တာဝန်ဟာ၊ မိခင်တွေက ကူညီပေးနေပေမဲ့၊ မိခင်တွေကဘဲ တကယ့်ဆုံးမခြင်းကို လုပ်နေကြပေမဲ့၊ ဖခင်တွေရဲ့တာဝန်ဖြစ်တယ်ဆိုတာ သိစေချင်လို့ပါဘဲ။ မိခင်တွေကဘဲ အဓိက ကလေးတွေကို တိုက်ရိုက်ဆုံးမသွန်သင်နေကြတာ ဘာဖြစ်လို့လဲဆိုတော့၊ သူတို့က အိမ်မှာ ကလေးတွေနဲ့အတူ ဖခင်တွေထက် ပိုပြီးအတူရှိနေကြလို့ပါဘဲ။ အမေတွေက ဆုံးမခြင်းမရှိရင် အတော်အခြေအနေဆိုးမှာဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အမှားကိုကျူးလွန်ရင် ချက်ခြင်းဘဲ ဆုံးမတာအကောင်းဆုံးဖြစ်တယ်။ အမေက “မင်းတို့အဖေပြန်လာရင်တော့ နာပြီသာမှတ်”လို့ပြောတာမျိုး မကောင်းဘူး။ ဘာလို့လဲဆိုတော့ ကလေးတွေဟာ အဖေကို သရဲကြောက်သလို ကြောက်လာတာမျိုးဖြစ်လာနိုင်လို့ဘဲ။ ဘယ်လိုဘဲဖြစ်ဖြစ် အမေက အများအားဖြင့် ဆုံးမလေ့ရှိကြပေမဲ့၊ တကယ့်တာဝန်ခံဟာ အဖေဘဲ ဖြစ်ပါတယ်။ ဘုရားသခင်က မိဘတွေကို သားသမီးအပေါ်မှာ အာဏာရှိစေပါတယ်။ ဒါ့ကြောင့် ဒီနေ့ခေတ်မှာ ခေတ်စားနေတဲ့ လူတယောက်က နောက် တယောက်ကို ဆရာမလုပ်ရဘူး။ ကလေးတွေကို ဘယ်လိုအသက်ရှင်ရမယ်လို့ မိဘတွေက မပြောသင့်ဘူး၊ သူတို့ဘာသာရွေးပါစေ ဆိုတာမျိုးဟာ အလွန်မှားတဲ့အယူအဆဖြစ်ပါတယ်။

ကလေးတွေကို သစ္စာရှိစွာ ဆုံးမသွန်သင်ဖို့၊ မိဘတွေက သူတို့ရဲ့ ဘုရားပေးဩဇာအာဏာကို သေချာရှင်သန်စွာ သိကြရပါမယ်။ အဲဒီ ဩဇာအာဏာကို ပညတ်တော် နံပတ်(၇)မှာပေးထားပါတယ်။ ကလေးတွေက မိဘတွေကို ရိုသေရမယ်ဆိုတာဟာ မိဘတွေထံမှာ ရိုသေထိုက်တဲ့ ဩဇာအာဏာ ရှိနေလို့ပါဘဲ။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားသခင်တရားစီရင်တဲ့နေ့မှာ မိဘတွေဟာ အဲဒီဩဇာအာဏာကို

ဘယ်လိုသုံးသလဲဆိုတာ ဘုရားသခင်ထံမှာ အဖြေပေးရမှာမို့လို့ဘဲ။ ဘုရားသခင့်ထံမှာ ကလေးတွေကို ဘယ်လိုဆုံးမသွန်သင်သလဲဆိုတာကိုလဲ အဖြေပေးကြရမှာဖြစ်တယ်။

**သေချာစွာကြည့်ရှုခြင်း**

မိဘတွေက ဆုံးမဖို့ဆိုရင်၊ ကလေးတွေကို သေချာစွာကြည့်ရှုမှာ ဖြစ်ပါမယ်။ အဓိပ္ပါယ်ကတော့ မိဘတွေဟာ ကလေးတွေနဲ့အတူတူနေရပါမယ်။ ဒီနေ့ခေတ် စည်းမဲ့ကမ်းမဲ့ဖြစ်နေကြခြင်းဟာ မိသားစုပုံစံတွေ ပျက်နေကြလို့ဖြစ်တယ်။ မိဘတွေဟာ ကိုယ့်သားသမီးတွေရဲ့ လိုအပ်ချက်၊ အားနည်းချက်တွေသိဖို့ အနီးမှာရှိမနေကြဘူး။ အများအားဖြင့် အဲဒီလိုမနေကြခြင်းဟာ အိမ်ထောင်ကွဲနေကြလို့ဖြစ်တယ်။ မာလခိအနာဂတ္တိကျမ်း(၂)မှာ ပရောဖက်က အစ္စရေးယောကျ်ားတွေကို လင်မယားကွဲပြီးနောက်အိမ်ထောင်ပြုကြတာကို ဆိုဆုံးမနေပါတယ်။ ဒီနေ့မှာလဲ ဘုရားသခင်ဟာ အိမ်ထောင်ရှင်တွေကို ဒီလိုဘဲပြောနေပါတယ်။ အစတုန်းက ဘုရားသခင်ဟာ အာဒံနဲ့ဧဝကို တလုံးတဝတည်း(တစ်)ဖြစ်စေပါတယ်။ ဘာလို့ အဲဒီလိုဖြစ်စေတာလဲ? ဘုရားသခင်ကိုကြောက်ရွံ့ရိုသေသောမျိုးနွယ်တွေ ပေါ်ထွက်လာဖို့ဖြစ်တယ် (မာလခိ ၂း၁၅)။ အိမ်ထောင်ရှိစေရတဲ့ ရည်ရွယ်ချက်တွေထဲက တခုသောရည်ရွယ်ချက်ဟာ ကလေးတွေရလာဖို့ဖြစ်တယ်၊ သာမန်ကလေးတွေကိုပြောနေတာမဟုတ်ဘူး၊ ဘုရားတရားကြောက်ရွံ့ရိုသေသောကလေးတွေ ရလာဖို့ဖြစ်တယ်။ ဘုရားသခင့်နာမတော်နဲ့ ကမ္ဘာကြီးကို အုပ်စိုးမဲ့လူတွေ၊ သူ့ရဲ့ဘုန်းတော်အတွက် ဖန်ဆင်းခြင်းတလောကလုံးကို အုပ်စိုးဆက်ကပ်ကြမဲ့ကလေးတွေ ရလာဖို့ဖြစ်ပါတယ်။ အဲဒီ ဘုရားသခင်ရဲ့ ရည်ရွယ်ချက်ဟာ ပရောဖက်တို့ခေတ်တုန်းကမှန်သလို၊ ဒီနေ့ခေတ်မှာလဲ မှန်နေပါတယ်။ ဘုရားသခင်ရဲ့လူတွေ သစ္စာရှိစွာအိမ်ထောင်ပြုကြတာဟာ၊ ဘုရားသခင်က အဲဒီအိမ်ထောင်စုတွေကနေ၊ ဘုရားတရား ရိုသေကိုင်းရှိုင်းတဲ့ သားသမီးတွေကို ရရှိလာဖို့ဖြစ်ပါတယ်။ အိမ်ထောင်ကွဲခြင်းဟာ ကလေးတွေကို အဖျက်ဆီးဆုံးသောအကြောင်းအရာဖြစ်ပါတယ်။ ကိုယ်ကာယ၊ စိတ်နှလုံးတို့ကိုသာမက၊ ဝိညာဉ်ကိုပါ ဖျက်ဆီးသောအရာဖြစ်ပါတယ်။

ဒါ့ကြောင့် မိဘတွေဟာ ကလေးတွေကိုထောက်ထားပြီးဘယ်တော့မှ မကွဲသင့်ဘူး။ ကျွန်တော် သင်းအုပ်ဘဝမှာ အဲဒီလိုလင်မယားကို တခါတော့တွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့အသင်းတော်က အသင်းသားတွေဖြစ်တယ်။ နှစ်ယောက်က အိမ်ထောင်ကျပြီးသားတွေသမီးတွေရပြီးခါမှာ ဘယ်လိုမှမတဲ့နိုင်ကြဘူး။ နှစ်ပေါင်းမြောက်များစွာကြာပြီ၊ အတူတူနေကြပြီး အသဲအသန်မုန်းကြဖို့ သင်ကြပြီးပြီ၊ ကွဲဖို့ကလွဲလို့တခြားလမ်းမရှိတော့ဘူး။ အဲဒါနဲ့ အသင်းတော်ကိုလာကြပြီး၊ သူတို့နှစ်ယောက်ကို တရားဝင်ကွဲကြပေးဖို့ တောင်းကြတယ်။ နှစ်ယောက်လုံးက သူတို့ရဲ့စိတ်ညစ်ရမှုတွေကို အရှည်ကြီး ၊ ငြီးငွေ့စရာကောင်းလောက်အောင်ပြောကြတယ်။ ကျိန်းသေတာက ဒီလောက်တောင် မုန်းတီးတိုက်ပွဲဝင်နေကြသူနှစ်ယောက် ကွဲဖို့ကလွဲလို့ ဘာလမ်းမှမမြင်တော့ဘူး၊ ဘုရားသခင်ကတောင် ဒီယောက်မုန်းနေကြသူနှစ်ယောက် အတူနေခိုင်းမယ်မထင်တော့ဘူး။ အဲဒါနဲ့ သူတို့နှစ်ယောက်ထဲက တယောက်ကပြောလာတယ်၊ "ကျွန်တော်တို့တွေ မတဲ့ကြပေမဲ့ ကလေးတွေကို ထောက်ထားပြီးအတူဆက်နေသင့်ကြသေးတယ်လို့ ခင်ဗျား မထင်ဘူးလား။" ကျွန်တော်ပြန်ဖြေပါတယ်၊ "ခင်ဗျား အခုတော့ အဓိပ္ပါယ်ရှိတဲ့စကားကို စပြောပြီ ဒီကနေပြန်စလို့ရပြီ၊ ခင်ဗျားတို့နှစ်ယောက် တကိုယ်ကောင်းဆန်စွာ ဆက်ပြီးတော့ အတူတူ မနေချင်ကြတော့ဘူး၊ ဒါပေမဲ့ ခင်ဗျားတို့ ကိုယ့်သွေးသားတွေအတွက်တော့ အတူတူနေကြပါ၊ သူတို့ဟာ ပဋိညာဉ်ကလေးတွေဖြစ်တယ်။ အနစ်နာခံကြပါ၊ ခင်ဗျားတို့ စိတ်ချမ်းသာဖို့ကြီးဘဲ မတွေးနဲ့။ အဲဒီလိုနဲ့ ဘုရားသခင့်ဝိညာဉ်တော်က ခင်ဗျားတို့ကို နောင်တတရား ပေးပြီး၊ တယောက်နဲ့တယောက် ပြန်သင့်မြတ်နိုင်မလားဆိုတာ ကြည့်ကြတာပေါ့။ ဒါပေမဲ့ ကလေးတွေကို လုံးဝမမေ့ကြပါနဲ့။" ဘုရားသခင်ဟာ လင်မယားကွဲတာကို မုန်းတယ် (မာလခိ ၂း၁၆)။ ပြီးတော့ စစ်မှန်တဲ့အသင်းတော်ကလည်း မုန်းတယ်။ တခြားကိစ္စတွေကို အသာထားပြီး၊ စစ်မှန်တဲ့ခရစ်ယာန်တွေကလည်း လင်မယားကွဲခြင်းကို မုန်းတယ်။ ကလေးတွေကို ဒုက္ခအပေးဆုံးအရာဘဲ။ မိဘတွေဟာ သူတို့ကလေးတွေကို ပြုစုပျိုးထောင်ဖို့၊ မှန်ကန်စွာ ဆုံးမသွန်သင်ဖို့ အတူနေကြရမှာဖြစ်တယ်။

လင်မယားကွဲတာတင်မကဘူး၊ အပြင်မှာထွက်အလုပ်လုပ်တဲ့အမေတွေလဲ၊ ကလေးတွေကို ဆုံးမထိန်းသိမ်းရတာ အရမ်းကိုခက်တယ်ဆိုတာတွေ့ရပါတယ်။

အဲဒီလိုဘဲ ဖခင်တွေအတော်များများဟာလဲ၊ အလုပ်ပြီးတဲ့အခါ အိမ်ပြန်လာပြီး၊ မိသားစုနဲ့အတူရှိရမဲ့အစား၊ ဂေါက်သွားကစားနေကြတာ၊ ဒါမှမဟုတ် ကြိုက်တာရှောက်လုပ်နေကြတာ၊ ဒါမှမဟုတ် နောက်ထပ်အလုပ်တခုကို ထပ်လုပ်နေတာ၊ လိုအပ်လို့မဟုတ်ဘဲ ပိုပြီးချမ်းသာသည်ထက်ချမ်းရအောင် လုပ်နေတာတွေဟာ အတော်ကို မှားပါတယ်။

ကလေးတွေကို ကောင်းမွန်စွာ ထိန်းသိမ်းဆုံးမသော မိခင်တွေဖြစ်ဖို့ အမေတွေဟာ အိမ်မှာဘဲ လုပ်ကိုင်သူတွေဖြစ်ရပါမယ်။ အဖေတွေဟာ အလုပ်ပြီးပြီဆိုတာနဲ့ မိသားစုနဲ့အတူနေရပါမယ်။

ဒါထက်မကပါဘူး။ ပဋိညာဉ်ဆုံးမသွန်သင်ခြင်းတွေ အကျိုးသက်ရောက်မှုရှိဖို့ဆိုရင်၊မိသားစုဟာ အတူတကွ ငြိမ်းချမ်းစွာနေထိုင်ကြသူမိသားစု၊ ဘုရားသခင်နဲ့အတူ မိတ်သဟာယဖွဲ့ပြီး တယောက်နဲ့တယောက်လဲ ချစ်ခင်မိတ်သဟာယဖွဲ့သော မိသားစု ဖြစ်ရပါမယ်။ မိဘတွေ ကလေးတွေနဲ့အတူ တမိုးအောက်မှာအတူနေယုံကိုပြောနေတာ မဟုတ်ပါဘူး။ ကလေးတွေကို နွေးထွေးစွာ၊ မှန်ကန်သောမိတ်ဆွေဖွဲ့မှုနဲ့အတူ နေရမှာကိုပြောနေတာဖြစ်တယ်။ မိဘတွေဟာ ကလေးတွေကို ခရစ်တော်၌ သူတို့နဲ့တလုံးတဝတည်းသောသူများအနေနဲ့ ဆက်ဆံပြီး၊ အတူတူနေရမှာဖြစ်ပါတယ်။

ဘုရားသခင်က ကျွန်တော်တို့ကို ဆုံးမတဲ့အခါမှာ သူ့ရဲ့အစိုးရတော်မူသောတန်ခိုးတော်နဲ့ရောက်စေယုံပုံစံနဲ့ ဆုံးမတာမဟုတ်ပါဘူး။ အဲဒီဆုံးမခြင်းတွေကို ဘုရားသခင်ဟာ ချစ်လှစွာသော ဖခင်တယောက်အနေနဲ့ပို့တာဖြစ်တယ်။ ကျွန်တော်တို့နဲ့အတူ သူငယ်ချင်းမိတ်ဆွေတွေလို နေထိုင်သူတယောက်အဖြစ်နဲ့ဆုံးမခြင်းတွေကိုပို့တာဖြစ်တယ်။ ဒါ့ကြောင့် ပုံမှန်နေ့တနေ့ရဲ့ မိသားစုအသက်တာရဲ့ အဆုံးစွန်သော ပျော်ရွှင်မှုဟာ ဘာလဲ? မိတ်ဆွေသူငယ်ချင်းများလို နေထိုင်ခြင်းဘဲဖြစ်တယ်၊ ကျွန်တော်တို့ကမိဘတွေဖြစ်ပြီး၊ သူတို့ဟာ ကျွန်တော်တို့ရဲ့ကလေးတွေဖြစ်ပေမဲ့၊ ကိုယ့်ဘဝတွေကို သူတို့ထံဝေငှတဲ့ပုံစံနဲ့အသက်ရှင်ကြတာဖြစ်တယ်၊ ကျွန်တော်တို့ ချစ်မြတ်နိုးလှတဲ့ကလေးတွေအဖြစ်သူတို့နဲ့ အတူအသက်ရှင်ကြတာဖြစ်တယ်။ (နောက်တပတ်ဆက်ဖော်ပြပါမည်)

==============================================================

➢ ဖန်ဆင်းရှင်ဘုရားသခင်အကြောင်းနှင့်ပတ်သက်၍ သီဩလော်ဂျီပညာရှင် ဟာမန်ဟုတ်(ခ်)စီးမာ၏ စကားများကို ကောက်နုတ်ဖော်ပြပါသည်။

"ဖန်ဆင်းခံတို့အတွက်မူ တည်ရှိသည်(exist)ဟုသာပြော၍ရပါမည်။ အဘယ်ကြောင့်ဆိုသော် မိမိဖြစ်တည်မှုအတွက် အခြေခံတရားကို မိမိထံအတွင်း၌ မရှိနိုင်ကြသောကြောင့်ဖြစ်ပါသည်။ ဖန်ဆင်းခံတို့သည် ဘုရားသခင်အတွင်း၌သာ ဖြစ်တည်ကြရပါသည်၊ သူ့အထံတော်၌ အသက်ရှင်ကြ၊ လှုပ်ရှားကြလျှက်၊ မိမိတို့၏ဖြစ်တည်မှုကို ရရှိကြပါသည် (တမန် ၁၇း၂၈)။ ထို့အတွက်ကြောင့်ပင် ဖန်ဆင်းခံတို့သည် အမြဲမပြတ် ဖြစ်ပေါ်ပြောင်းလဲ နေကြရပါသည်။ ပေါ်လာလိုက် ပျောက်သွားလိုက်သာ ဖြစ်ပါသည်။ တိုးတက်လာသည်၊ ပွားများလာသည်၊ ပြန်လျှော့သွားသည်၊ ကြီးထွားလာသည်၊ ပျက်ဆီးသွားသည်၊ ဘယ်တော့မှ တသမတ်ထဲ မရှိနိုင်ပါ။ သို့သော် ဘုရားသခင်သည် တသမတ်ထဲဖြစ်တော်မူသည်။ ဘုရားသခင်သည် အမြဲရှိတော်မူနေသည်။"

"ဖန်ဆင်းခံတို့ကို အသက်ရှင်သည်ဟုပြော၍ရပါမည်၊ သို့သော် ဘုရားသခင်သည် အသက်ဖြစ်သည်။ ဖန်ဆင်းခံတို့ကို ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းနှင့်အမှန်တရားတို့နှင့် ရစ်ပတ်သည်ဟု ပြော၍ရပါမည်၊ သို့သော် ဘုရားသခင်သည် ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းနှင့်အမှန်တရား ဖြစ်တော်မူပါသည်။ သူသည် အလင်းဖြစ်တော်မူသည်၊ သူ့ထံ၌ မှောင်မိုက်ခြင်းအလျှင်းမရှိပါ (၁ယော ၁း၅)။ သူသည် အနန္တတန်ခိုးတော်ရှင်ဖြစ်သည်၊ သူသည် အလုံးစုံသော ဉာဏ်ပညာနှင့်အသိပညာတို့ ပေါင်းစပ်နေခြင်းဖြစ်တော်မူသည်။ သူသည် ချစ်ခြင်းမေတ္တာ၊ အလင်း၊ ကြွသရေလ၏ခွန်အားဖြစ်သည် (၁ယော ၄း၈၊ ၁း၅၊ ၁ရာ ၁၅း၂၉)။"